# “၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလေ့လာမှု တွေ့ရှိချက်အစီရင်ခံစာ”

## မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

### ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၀) ရက်

က။ တွေ့ရှိချက်အကျဉ်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ) အနေဖြင့် ပူးပေါင်းပါဝင်ခဲ့သော ရွေးကောက်ပွဲလေ့လာသူများအား အထူးကျေးဇူးတင်ပါသည်။ ဤသို့ပါဝင်နိုင်ခဲ့ခြင်းသည်လည်း မသန်စွမ်းသူများအနေဖြင့် နိုင်ငံရေးဖြစ်စဉ်မှာ ရွေးကောက်ပွဲလေ့လာသူများအနေဖြင့်လည်း ပါဝင်နိုင်ခွင့်ရှိကြောင်း သက်သေပြနိုင်ခဲ့ခြင်း ပင်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပဲကော်မရှင်အနေဖြင့် COVID-19 စိန်ခေါ်မှုများကြားမှ ရွေးကောက်ပွဲအားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် အလေးထားအသိအမှတ်ပြုပါသည်။

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)၏ ရွေးကောက်ပွဲလေ့လာမှု ဆောင်ရွက်ခဲ့သော ခဲ့သောမဲရုံများ၏ ၂၀ % သည် အထပ်မြင့် သို့မဟုတ် လှေကားဖြင့် တက်ရသည့် နေရာများတွင်တည်ရှိခြင်းနှင့် မဲရုံများ၏ ၇၉ % တွင် အများမြင်သာသည့် နေရာတွင် မသန်စွမ်းသူများအတွက်ရည်ညွှန်းသည့် အမှတ်အသား၊ စာသား၊ ရုပ်ပုံများ မတွေ့ရှိရခြင်းမှာ မသန်စွမ်းမဲဆန္ဒရှင်များ ရွေးကောက်ပွဲနေ့တွင် ပါဝင်နိုင်ခွင့်အတွက် ကြီးမားစွာ အခက်အခဲ ဖြစ်စေ သည့်အပြင် ရွေးကောက်ပွဲ စံနှုန်းများ၏အခြေခံစံနှုန်းတစ်ခုဖြစ်သည့် အားလုံးပါဝင်နိုင်ခွင့်အား အားနည်းစေ ပါသည်။ သို့ဖြစ်ပါ၍ နောင်လာမည့် ရွေးကောက်ပွဲများတွင် MILI ၏ အကြံပြုချက်များအား ထည့်သွင်း စဉ်စားပေးနိုင်ပါရန် တင်ပြခြင်း ဖြစ်ပါသည်။

ခ။ ရွေးကောက်ပွဲလေ့လာသူရေအတွက်နှင့် မဲရုံအရေအတွက်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပခဲ့သည့်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)သည် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသိအမှတ်ပြုလွှာအမှတ် (၁၂) ဖြင့် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကာလတိုလေ့လာသူ (၆၀) ဦးဖြင့် မဲရုံ (၂၀၇) ရုံတွင် ရွှေ့လျားလေ့လာမှုပုံစံဖြင့် မသန်စွမ်းသူများအတွက် အဆင်ပြေလက်လှမ်းမီသည့် မဲရုံများ၏ အခြေအနေကို အဓိကထားကာ လေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။ လေ့လာသူ (၆၀) ဦး အနက် မသန်စွမ်းသူ (၅၃) ဦးပါဝင်ပါသည်။

## ဂ။ ကနဦးတွေ့ရှိချက်များ

သို့ရာတွင် (၄၈) နာရီအတွင်း ထုတ်ပြန်သည့် ယခုကနဦးတွေ့ရှိချက်အစီရင်ခံစာတွင် အချိန်အကန့်အသတ်နှင့် ဆက်သွယ်ရေးအခက်အခဲများကြောင့် ချင်းပြည်နယ်မှ လေ့လာတွေ့ရှိချက်များမပါဝင်ပါ။ ကျန် တိုင်းဒေသကြီး (၃) ခု မှ ရွေးကောက်ပွဲလေ့လာသူများ၏ အစီရင်ခံမှုများ၊ အစီရင်ခံစာများအရ ကနဦးတွေ့ရှိချက် များကို အောက်ပါအတိုင်းထုတ်ပြန်အပ်ပါသည်-

၁။ လေ့လာသည့် မဲရုံများ၏ ၆၆% သည် မသန်စွမ်းသူများ မသန်စွမ်းသူများ အပါအဝင် သက်ကြီး ရွယ်အိုများ၊ ကိုယ်ဝန်ဆောင်သည်၊ သားသည်မိခင်များ မဲပေးရန်အတွက် စောင့်ဆိုင်းတန်းစီစရာ မလိုစေရန် ဦးစားပေး အစီအမံများစဉ်စားထားရှိခြင်း မရှိကြောင်းတွေ့ရှိရပါသည်။




၂။ လေ့လာသည့် မဲရုံများ၏ ၇၉% သောမဲရုံများတွင် အများမြင်သာသည့် နေရာတွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော မဲရုံအဖြစ် ရည်ညွှန်းသည့် အမှတ်အသား၊ စာသား၊ ပုံများ မတွေ့ရှိရပါ။



၃။ လေ့လာသည့် မဲရုံများ၏ ၈၆% တွင် အကြားအာရုံမသန်စွမ်းသူများ၊ ဥာဏ်ရည်မသန်စွမ်းသူများ နှင့် စာဖတ်ရန် အခက်အခဲရှိသူများအတွက် မဲပေးနည်း အဆင့်ဆင့်အပါအဝင် လိုအပ်သော လမ်းညွှန်ချက်များကို ရုပ်ပုံများဖြင့် ဖော်ပြထားခြင်းမရှိပါ။




၄။ လေ့လာသည့် မဲရုံများ၏ ၇၈% တွင် covid-19 ကာကွယ်ရေးပစ္စည်းများကို မသန်စွမ်းသူများ အသုံးပြုနိုင်ရန်စီစဉ်ထားသည်ကို တွေ့ရှိရပါသည်။




၅။ လေ့လာသည့် မဲရုံများ၏ ၂၀% သည် မဲရုံများကို အထပ်မြင့်သို့မဟုတ် လှေကားဖြင့် တက်ရသည့် နေရာများတွင်တည်ရှိကြောင်းတွေ့ရသည်။



၆။ လေ့လာသည့်မဲရုံများ၏ ၅၉ % တွင် အကြားအာရုံမသန်စွမ်းသူများနှင့် ဆက်သွယ်ရန်အတွက် စာရွက်အလွတ်၊ ဘောပန်တို့ကဲ့သို့သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။




၇။ လေ့လာသည့်မဲရုံများ၏ မဲရုံဝန်ထမ်းများတွင် ၇၉ % သောမဲရုံများမှ ဝန်ထမ်းများသည် အမြင် အာရုံ မသန်စွမ်းသူများ မျက်မမြင်လက်စမ်းစာနှင့် မဲဆန္ဒပေးနိုင်သည့် အစီအစဉ်ကို သိနားလည်ခြင်းမရှိကြောင်း လည်းတွေ့ရပါသည်။




၈။ လေ့လာသည့် မဲရုံများ၏ တာဝန်ရှိသူများအား မေးမြန်းရာတွင် မဲရုံများ၏ ၆၉% တွင်မသန်စွမ်းသူ မဲဆန္ဒရှင်များအား ထိရောက်စွာ ကူညီပေးနိုင်ရန်နှင့် ပတ်သက်သည့် ကြိုတင်ရှင်းလင်း ပြောကြားမှု၊ လေ့ကျင့်သင်ကြားမှုများ ရှိကြောင်း သိရသည်။



၉။ လေ့လာသည့် မဲရုံများ၏ ၄၃ % ၏ ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မဲရုံများတွင် မသန်စွမ်းသူများအတွက် အဆင်ပြေအောင်စီမံဆောင်ရွက်ရန် အခက်အခဲရှိကြောင်း ဖြေကြားခဲ့သည်။




၁၀။ မသန်စွမ်းရွေးကောက်ပွဲ လေ့လာသူများသည် လေ့လာသည့်မဲရုံများ၏ ၁၄% တွင်သာ မဲရုံ တာဝန်ရှိသူများက အပြုသဘောမဆောင်သည့် ဆက်ဆံမှုများနှင့် ကြုံတွေ့ခဲ့ကြရကြောင်း တွေ့ရှိရပါသည်။




ဆက်သွယ်ရန်။ ။ ဒေါ်ယုယသူ (အမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့)

ဖုန်း - ၀၉ ၅၁၈၂၂၈၃၊ အီးမေးလ် - fuyuko2010@gmail.com

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)အနေဖြင့် အပြီးသတ်စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ အားလည်း သတင်းအချက်အလက်များ စိစစ်အကဲဖြတ်ပြီးနောက် ထုတ်ပြန်သွားပါမည်။